ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**National Community Driven Development Project**

လူထုဗဟိုပြုစီမံကိန်း၊ ဒီးမော့ဆိုမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်



(၄) မိုင်ကဖုကျေးရွာ ၊ နောင်ပုလဲကျေးရွာအုပ်စု

၂၀၁၇ ခုနှစ်


# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## (၄) မိုင်ကဖုကျေးရွာ ၊ နောင်ပုလဲကျေးရွာအုပ်စု


### မာတိကာ


ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ ............ ၁
နောင်ပုလဲကျေးရွာအုပ်စုမြေပုံ ............ ၂
နောင်ပုလဲကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း ............ ၃
ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ ............ ၄
  လူမှုရေးနှင့် အရင်အမြစ်ပြမြေပုံ သုံးသပ်ချက် ............ ၄
  ကျေးရွာသမိုင်းအကျဉ်းချုပ် ............ ၅
  ဥစ္စာခနေ ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း ............ ၈
    ဥစ္စာခနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက် ............ ၉
  ကျား/မ ပင့်ကူအိမ် ............ ၁၀
    ကျား/မ ပင့်ကူအိမ် သုံးသပ်ချက် ............ ၁၁
  အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ ............ ၁၂
    အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက် ............ ၁၃
  ရာသီခွင်ပြ ပြက္ခဒိန် ............ ၁၄
    ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက် ............ ၁၅
ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ ............ ၁၆
ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ ............ ၁၇
ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-1) ............ ၁၈
ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-2) ............ ၂၁
ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-3) ............ ၂၂
ပုံစံ - ၄။ ကျေးရွာအုပ်စု စီမံကိန်း လုပ်ငန်းခွဲရွေးချယ်ခြင်း (PC-4) ............ ၂၅
ကျေးရွာအစည်းအဝေးမှတ်တမ်းများ ............ ၂၆
လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ် ............ ၂၈

# ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ



# နောင်ပုလဲကျေးရွာအုပ်စုမြေပုံ



## နောင်ပုလဲကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ခြေ | လူဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | စုစုပေါင်း |
| ၁ | နောင်ပုလဲကျေးရွာ | ၇၃ | ၂၁၃ | ၁၇၆ | ၃၈၉ |
| ၂ | ဆိုဘောသဲကျေးရွာ | ၁၂၃ | ၃၂၃ | ၃၁၈ | ၆၄၁ |
| ၃ | လောစီကျေးရွာ | ၇၁ | ၂၀၄ | ၂၀၅ | ၄၀၉ |
| ၄ | (၄) မိုင် ယပ်ခူကျေးရွာ | ၈၃ | ၂၃၂ | ၂၅၀ | ၄၈၂ |
| ၅ | (၄) မိုင် မြေနီကုန်းကျေးရွာ | ၆၅ | ၁၇၃ | ၁၄၃ | ၃၁၆ |
| ၆ | (၄) မိုင် ကဖုကျေးရွာ | ၅၅ | ၁၉၁ | ၁၄၈ | ၃၃၉ |
| စုစုပေါင်း | | ၄၇၀ | ၁၂၄၀ | ၁၃၃၆ | ၂၅၇၆ |

## ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ




*ပါဝင်ဆွေးနွေးသူ - ကျား (၉) + မ (၃၁) = (၄၀) ဦး*

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

(၄) မိုင်ကဖုကျေးရွာသည် နောင်ပုလဲကျေးရွာအုပ်စုအတွင်းတည်ရှိသော ကျေးရွာတစ်ရွာဖြစ်ပြီး အိမ်ခြေပေါင်း (၅၅) အိမ်ရှိပါသည်။ အိမ်ခြေတစ်လုံးလျှင် တစ်အိမ်ထောင်သာ နေထိုင်လျှက်ရှိပါသည်။ သက်ကြီးအိမ်ခြေများအား အနီရောင်ဖြင့် ဝိုင်းပြထားသဖြင့် သိသာထင်ရှားစွာ မြင်တွေ့နိုင်ပါသည်။ ကျေးရွာတွင်းနေထိုင်သူ အားလုံးသည် ခရစ်ယာန်ဘာသာ တစ်ခုတည်းကိုသာ ကိုးကွယ်ကြပြီး လူမျိုးစုမှာလည်း ကယန်းတစ်မျိုးတည်းသာနေထိုင်ကြပါသည်။

ကျေးရွာ၏အနောက်ဖက်မှ စတင်ပြီး အရှေ့မြောက်ဖက် တစ်လျှောက်လုံး လယ်ကွင်းများနှင့် ယာခင်းများကို စိမ်းလန်းစိုပြေစွာ တွေ့ရှိရသဖြင့် ထိုကျေးရွာသည် စပါးစိုက်ပျိုးရေးကို အဓိကထား အသက်မွေးကျောင်းပြုကြောင်း ထင်ရှားလှပါသည်။ ကျေးရွာ၏ အဓိကအားထားအသုံးပြုနေသော နန်းစံဖူးချောင်းသည် ထိုလယ်ကွင်းများတစ်လျှောက်တွင် စီးဆင်းနေပါသည်။ ထိုသို့စိုက်ပျိုးရေးကိုသာ အဓိကထား လုပ်ကိုင်ကြသဖြင့် လယ်ယာလုံလောက်စွာ မပိုင်ဆိုင်သော အိမ်ထောင်စုအနေဖြင့် စားဝတ်နေရေး အခက်အခဲများနှင့် ပိုမိုကြုံတွေ့ရကြောင်း ဆွေးနွေးတင်ပြကြပါသည်။

လွိုင်ကော်-တောင်ငူ လမ်းမကြီးဘေးတွင် (၄) မိုင်မြေနီကုန်းကျေးရွာ တည်ရှိပြီးမှ လမ်းမကြီး နှင့် မြောက်ဖက်တစ်ဖာလုံအကွာတွင် လေးမိုင်ကဖုရွာ တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် (၄) မိုင်ယပ်ခူကျေးရွာ ရှိပြီး တောင်ဘက်တွင် မြေနီကုန်းကျေးရွာ တည်ရှိပါသည်။ ကျေးရွာလူထုများသည် ကက်သလစ်ဘာသာဝင်များဖြစ်ပြီး ကျေးရွာပိုင် ဘုရားကျောင်း၊ ဘာသာရေးမဏ္ဍာပ်၊ ရေလှောင်ကန်၊ ဘောလုံးကွင်း၊ မူကြိုကျောင်း၊ ဆေးပေးခန်း အဆောက်အအုံနှင့် ဂျူဗလီမှတ်တိုင် ရှိပါသည်။ ကျေးရွာအနေဖြင့် ဆေးပေးခန်း အဆောက်အအုံ ရှိပြီးဖြစ်သော်လည်း ကျန်းမာရေးဆရာမ လိုအပ်နေသေးကြောင်း သိရှိရပါသည်။ ၎င်းကျေးရွာအတွက် လူထုဗဟိုပြုစီမံကိန်းမှ အကောင်အထည်ဖော် ဆောင်ရွက်မည့် ခုနှစ်မှာ စီမံကိန်းတတိယနှစ်တွင် ဖြစ်ပြီး အဆိုပြုထားသော လုပ်ငန်းခွဲမှာ ရွာတွင်းမြေသားလမ်း မှ ကျောက်ခင်းလမ်းသို့ တိုးချဲ့ပြုပြင်ခြင်းဖြစ်ပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

## ကျေးရွာသမိုင်းအကျဉ်းချုပ်

၁၉၅၁ ခုနှစ်တွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်၊ လောပလော့ကျေးရွာမှ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ် ရေကြည်ရာမြက်နုရာသို့ လာရောက်ထူထောင်ခဲ့ပါသည်။

၁၉၅၁ ခုနှစ်တွင် ရွာကို အိမ်ခြေ (၄) အိမ်ဖြင့် စတင်ထူထောင်နေထိုင်ခဲ့ပါသည်။ ရွာ၏ ပထမဦးဆောင်နေထိုင်ခဲ့သော ပုဂ္ဂိုလ်၏ အမည်များမှာ - (၁) ဦးလသွယ်၊ (၂) ဦးပရာယူ (၃) ဦးလသွမ်း နှင့် (၄) ဦးသားမို တို့ ဖြစ်ပါသည်။

ကျေးရွာ၏ အမည်ကို အတည်ပြုပေးသော ပုဂ္ဂိုလ်၏အမည်များမှာ -

(၁) ကယားပြည်နယ်ရှေ့ပိုင်း ဦးအေမြလေး
(၂) ကယန်းအမျိုးသား ခေါင်းဆောင် ဗိုလ်ပြန်
(၃) နောင်ပုလဲတိုက်သူကြီး ဦးတိုဟိန်းထေးရယ် တို့မှ 'လေးမိုင်ကဖု' ကျေးရွာ၏ အမည်ကို အတည်ပြုပေးခဲ့ပါသည်။

‘လေးမိုင်ကဖု’ ကျေးရွာ ကိုးကွယ်သည့်ဘာသာမှာ ခရစ်ယာန်ဘာသာဖြစ်ပါသည်။

ကြုံတွေ့ခဲ့ရသော သဘာဝဘေးအန္တရာယ်များမှာ - ၁၉၉၄ ခုနှစ်တွင် ပထမအကြိမ် နန်းစံဖူးချောင်း ချောင်းရေခမ်းခြောက်ခြင်းကြောင့် ကျေးရွာလူထုအတွက် ဒုက္ခအမျိုးမျိုး ကြုံတွေ့ခဲ့ရ ပါသည်။

၁၉၉၉ခုနှစ်တွင် ဒုတိယအကြိမ် နန်းစံဖူးချောင်း ချောင်းရေခမ်းခြောက်ခြင်းကြောင့် ကျေးရွာလူထုများ အတွက် ဒုတိယအကြိမ် ဒုက္ခအမျိုးမျိုးကြုံတွေ့ရပါသည်။

နန်းစံဖူးချောင်းရေခမ်းခြောက်သောကြောင့်ကြုံတွေ့ရသော ဒုက္ခအမျိုးမျိုးမှာ -

ရေခပ်လိုသည့်အခါတွင် ငံရိုးရွာတောင်ဘက်ရှိရေထွက်ပေါက်နားထိ (၃) မိုင်ခရီး နှင့် ငွေတောင်ဆည် (၄) မိုင်ခရီးကို စက်ဘီးရှိသူများက စက်ဘီးဖြင့် သွားရောက်ခပ်ယူကြပြီး စက်ဘီးမရှိသူများက ခြေလျင်ခရီးဖြင့်သာ သွားခပ်ကြရပါသည်။ ထိုသို့သော အခြေအနေတွင် စိုက်ပျိုးရေးပြုလုပ်ရန် မဖြစ်နိုင်သဖြင့် စားဝတ်နေရေးဖူလုံခြင်းမရှိသောကြောင့် အခက်အခဲမျိုးစုံကြုံတွေ့ခဲ့ကြရပါသည်။

‘လေးမိုင်ကဖု’ ကျေးရွာတွင် အခက်အခဲပြဿနာအမျိုးမျိုး ရှိသောကြောင့် ကဲရ်မြန်မာအသင်း နှင့် ကြက်ခြေနီအသင်းတို့သည် ကျေးရွာလူထုအတွက် ကူညီထောက်ပံ့ပေးခဲ့ကြပါသည်။ ၂၀၀၉-၂၀၁၅ ခုနှစ်အထိ ကဲရ်မြန်မာမှ ထောက်ပံ့ပေးခဲ့သောအရာများမှာ

(၁) စိုက်ပျိုးရေး၊ မွေးမြူရေးမှ ရန်ပုံငွေရအောင်တည်ထောက်ပေးခြင်း နှင့် အိတ်ချအိုင်ဗွီ ကျန်းမာရေး စေတနာ့လုပ်သားများ သင်တန်းပေးခဲ့ပါသည်။

(၂) ချေးလှေ့စက်များအား ကျေးရွာအတွက် ကူညီထောက်ပံ့ပေးခြင်း

(၃) မိုးရေလှောင်ကန် (၇) လုံးတည်ဆောက်ပေးခဲ့ပါသည်။

(၄) အရန်သားဖွားသင်တန်းတက်ရောက်ရန် သင်တန်းသူ (၁) ဦးရွေးထုတ်ပေးပြီး သင်တန်းစရိတ်များအား ကူညီထောက်ပံ့ပေးခဲ့ပါသည်။ ကဲရ်မှမွေးထုတ်ပေးသော သားဖွားဆရာမတစ်ဦး ရှိခြင်းကြောင့် မိမိကျေးရွာရှိ မွေးလူနာများအတွက် သက်သာပြီးများစွာအထောက်အကူပြုခဲ့ပါ သည်။

(၅) စီအယ်လ်စီ ခန်းမဆောင် တည်ဆောက်ပေးခဲ့ပါသည်။

(၆) မူကြိုကျောင်းတစ်ကျောင်းနှင့် စီအယ်လ်စီ ခန်းမဆောင်အတွက် နှစ်ခန်းတွဲအိမ်သာတစ်လုံးနှင့် မူကြိုကလေးငယ်အတွက် နှစ်ခန်းတွဲအိမ်သာတစ်လုံးကို ဆောက်ပေးခဲ့ပါသည်။

(၇) ကလေးအခွင့်အရေးသင်တန်းနှင့် ကျန်းမာရေးသင်တန်းကိုလည်း မကြာခဏ ကဲရ်မြန်မာမှ ဆရာသမားများမှ သင်တန်းလာပေးပါသည်။

(၈) ကျား-မရေးရာသင်တန်း နှင့် ကျား-မတန်းတူညီမျှခြင်း ၊ ကျား-မ ကွဲပြားမှုပေါ် အခြေခံသော အကြမ်းဖက်မှု တားဆီးခြင်းအတွက် အမျိုးသားများ ပါဝင်စေခြင်းသင်တန်းကိုလည်း ကဲရ်မြန်မာမှ ဆရာသမားများ သင်တန်းပို့ချပေးခဲ့ပါသည်။

ကြက်ခြေနီအသင်းစဝင်သောခုနှစ်မှာ ၂၀၁၄-၂၀၁၆ ခုနှစ်အထိဖြစ်ပြီး ကူညီထောက်ပံ့ပေးခဲ့သော အရာများမှာ

(၁) လူထုအခြေပြုကျန်းမာရေးနှင့် ရှေးဦးပြုစုခြင်းသင်တန်းပေးခြင်း နှင့် စေတနာ့ဝန်ထမ်း (၄) ဦးရွေးထုတ်ပေးပြီး တစ်အိမ်တက်တစ်အိမ်ဆင်း ကျန်းမာရေးအကြောင်း ဆွေးနွေးခြင်း။

(၂) ဆိုလာ၊ ဘက်ထရီ၊ တီဗွီ၊ အောက်စက် နှင့် ဖုန်းစသည်တို့ကို ကျေးရွာလူထုအတွက် ကူညီ ထောက်ပံ့ပေးခြင်း


(၃) အရင်းမပျောက်မတည်ငွေ (၅၀၀၀၀၀ိ။) ကျပ် အား ကျေးရွာလူထုအတွက် ကူညီထောက်ပံ့ပေးခြင်း။

(၄) ရေစုတ်စက်၊ ပန် နှင့် ရေပိုက်သွယ်ယူခြင်းလုပ်ငန်းအား ကျေးရွာလူထုအတွက် ကူညီထောက်ပံ့ ပေးခဲ့ပါသည်။

၁၉၅၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်ထိ လေးမိုင်ကဖုကျေးရွာတွင် နေထိုင်သောအိမ်ခြေ (၅၈) အိမ်၊ အိမ်ထောင်စု (၆၄) စု နှင့် လူဦးရေ ၃၂၅ (ကျား - ၁၈၅ + မ - ၁၄၀) အထိ တိုးပွားလာခဲ့ပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

# ဥစ္စာဓန ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း



ဥစ္စာဓနစံသတ်မှတ်ချက်

ကျေးရွာ - (၄) မိုင်ကမှ  အုပ်စု - နောင်ပုလဲ (11/12/2016)

ပါဝင်ဆွေးနွေးသူ - ကျား (၉) + မ (၃၁) = (၄၀) ဦး

| အဆင့် | စံသတ်မှတ်ချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | တိုက်အိမ်၊ လယ် (၁၀ဧက)၊ နွား (၁၀ကောင်)၊ ဆိုင်ကယ်၊ TV ရှိ၊ sky net ရှိ၊ ချိန်းစော၊ ယာ (၁ဧကခွဲ)၊ ထော်လာဂျီ၊ ပညာရေးကို ကောင်းစွာထောက်ပံ့ပေးနိုင် | 5 | 9% |
| အသင့်အတင့် | ပျဉ်ထောင်အိမ်၊ လယ်ရှိ၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ ဝက်၊ ကြက်၊ အိမ် (ဈေးဆိုင်) ပညာရေး အထက်တန်း ထိထောက်ပံ့နိုင် | 30 | 55% |
| ဆင်းရဲ | နေ့စားအလုပ်၊ ဝါးအိမ်၊ ကြက် / ဝက်မွေးရှိ၊ လယ် ပိုင်ဆိုင်မှုအနည်းငယ်ရှိ | 20 | 36.5% |
| | | | |

ပါဝင်ဆွေးနွေးသူ - ကျား (၉) + မ (၃၁) = (၄၀) ဦး

(၄) မိုင်ကဖုကျေးရွာတွင်းရှိ အိမ်ခြေများအား စီးပွါးရေးကွာခြားမှု အခြေအနေအလိုက် စံသတ်မှတ်ချက် ပြုလုပ်နိုင်ရန် အဆင့် (၃) ဆင့်ဖြင့် ခွဲခြားထားပါသည်။ ချမ်းသာသောအဆင့်တွင် အိမ်ထောင်စု (၅) စု၊ အသင့်အတင့်အဆင့်တွင် (၃၀) အိမ်ထောင်စု နှင့် နွမ်းပါးသောအဆင့်တွင် (၂၀) အိမ်ထောင်စုဟု အသီးသီး သတ်မှတ်ထားကြပါသည်။

ချမ်းသာသောအဆင့်ဖြစ်သည့် (၅) အိမ်ထောင်စုတွင် တိုက်အိမ်၊ လယ် (၃ဧက)၊ နွား (၁၀) ကောင်၊ ဆိုင်ကယ်၊ တီဗွီ၊ စလောင်း၊ ချိန်းစော၊ ယာ (၁ ဧကခွဲ)၊ ထော်လာဂျီ စသည်တို့ကို ပိုင်ဆိုင်ပြီး သားသမီးများ၏ ပညာရေးကို ကောင်းစွာထောက်ပံ့ပေးနိုင်သောအခြေအနေတွင် တည်ရှိနေပါသည်။


အသင့်အတင့်အဆင့်၏ပိုင်ဆိုင်မှုများမှာ ပျဉ်ထောင်အိမ်၊ လယ်၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ ဝက်၊ ကြက်၊ အိမ် (ဈေးဆိုင်) ရှိပြီး ပညာရေးကို အလယ်တန်းထိထောက်ပံ့ပေးနိုင်သည့် အခြေအနေဖြစ်ပြီး အိမ်ထောင်စု (၃) ခန့်ရှိပါသည်။

နွမ်းပါးဟု သတ်မှတ်ထားသောအဆင့်တွင် ဝါးအိမ်၊ နေ့စားအလုပ်၊ကြက်။ဝက်များရှိ၊ လယ်ပိုင်ဆိုင်မှု အနည်းငယ်ရှိသော်လည်း မိသားစုအရေအတွက်များသော အိမ်ထောင်စု အနေဖြင့် အခက်အခဲကျပ်တည်းမှု များစွာဖြင့်ကြုံတွေ့နေရသေးကြောင်း တင်ပြကြပါသည်။ ထိုအဆင့်တွင် အိမ်ထောင်စု (၂၀) ခန့် ရှိပါသည်။ ထိုသို့ ပွင့်လင်းစွာဖော်ထုတ်ပြနိုင်မှုအပေါ် အခြေခံပြီး စီမံကိန်းလုပ်ငန်းခွဲအကောင်အထည်ဖော်ပါက နွမ်းပါးသည့်အုပ်စုများကို ပိုမို၍ အလုပ်အခွင့်အလမ်း ဖန်တီးပေးခြင်းဖြင့် ခက်ခဲနေသော အကျပ်တည်းများကို တစ်ဖက် တစ်လမ်းမှ ကူညီပေးနိုင်ကြောင်း သုံးသပ်ခဲ့ကြပါသည်။

ထိုအဆင့်များကို ရာခိုင်နှုန်းဖြင့် ဖော်ပြပါက ချမ်းသာသောအဆင့် (၉%)၊ အသင့်အတင့် အဆင့် (၅၅%) နှင့် နွမ်းပါးအဆင့် (၂၀%) စသည်တို့ပင်ဖြစ်ပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

ကျား/မ ပင့်ကူအိမ်



ပါဝင်ဆွေးနွေးသူ - ကျား (၉) + မ (၃၁) = (၄၀) ဦး


## ကျား/မ ပင့်ကူအိမ် သုံးသပ်ချက်

ယခုလုပ်ဆောင်ချက်သည် ကျေးရွာအမျိုးသမီး၏အခြေအနေနှင့် အဆင့်အတန်းကို ပိုမိုနားလည် စေရန် အချက်ပေါင်း (၈) ချက်ဖြင့် ဖော်ထုတ်ဆွေးနွေးခဲ့ကြပါသည်။ မိရိုးဖလာ ခံယူချက်အရ အမျိုးသားများမှာ အမွေရပိုင်ခွင့် အပြည့်ရှိပြီး အမျိုးသမီးများအနေဖြင့် လုံးဝ ဆက်ခံခွင့် မရရှိသေးကြောင်း ကျေးရွာ၏အခြေအနေမှန်ကို ဖော်ထုတ်တင်ပြခဲ့ကြပါသည်။ ပညာတတ်အမြင်ပွင့်သည့် မိဘအနည်းကျဉ်းသာ သမီးတို့ထိမ်းမြားသည့်အချိန်တွင် လက်ဖွဲ့ အနည်းငယ်ကို ပိုင်ဆိုင်မှုအနေဖြင့် ခွဲဝေပေးတတ်ကြသဖြင့် အဆင့် (၁) တွင်သာ ရပ်တည်နေ ပါသည်။ ထိုမျှသာမက အမျိုးသမီးထုအနေဖြင့် အိမ်မှုအလုပ်များဖြင့်သာ အချိန်ကုန်နေသဖြင့် အခြားသော ရွာပြင်သို့သွားရောက်ပြီးအလုပ်မလုပ်နိုင်သဖြင့် ဝင်ငွေရှာနိုင်မှု အပိုင်းတွင်လည်း အားနည်းနေသေး ကြောင်းတွေ့ရှိရသော်လည်း ကျေးရွာဖွံ့ဖြိုးရေးနှင့် လူမှုရေးလုပ်ငန်းများ တွင် ဦးဆောင်နိုင်မှုနှင့် ပူးပေါင်းပါဝင်မှုမှာ အမျိုးသားများနည်းတူ ပါဝင်နိုင်ကြောင်း သုံးသပ်ကြ ပါသည်။

ထိုကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသဖြင့် ကျား-မ တန်းတူ စိုက်ပျိုးရေး လုပ်ကိုင် နိုင်ကြပြီး ပညာသင်ယူနိုင်မှုမှာလည်း တန်းတူပင်ဖြစ်ပါသည်။ ကျန်းမာရေးကုသရန် အုပ်စုဆေးခန်းသို့ သွားရောက်ကြသဖြင့် ကျန်းမာရေးလက်လှမ်းမီမှုမှာ ကွာခြားမှု မရှိလှကြောင်း ပွင့်လင်းစွာဖော်ထုတ်ဆွေးနွေး ခဲ့ကြပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

# အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ




*ပါဝင်ဆွေးနွေးသူ  - ကျား (၉) + မ (၃၁) = (၄၀) ဦး*


## အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်

ကဖုကျေးရွာတွင်းနှင့်ကျေးရွာပြင်ပ ချိတ်ဆက်နေသောအဖွဲ့အစည်းများကို ဖော်ထုတ်ဆွေးနွေးစေခဲ့ရာ ရွာတွင်းတွင်အဖွဲ့အစည်း (၆) ဖွဲ့နှင့် ရွာပြင်ပတွင် (၄) ဖွဲ့တည်ရှိနေကြောင်း ဖော်ထုတ်ကြပါသည်။ ကျေးရွာတွင်း တည်ရှိနေသော အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၊ လူငယ်၊ ဓမ္မဆရာ၊ ဘုန်းကြီးနှင့် သက်ထွေးအသင်းစသည်တို့ဖြစ်ပြီး ကျေးရွာအပေါ်လွှမ်းမိုးမှုအများဆုံးအဖွဲ့ (၂) ဖွဲ့မှာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သာရေးနာရေး လုပ်ရှားခြင်းများ အတွက် လူငယ်အဖွဲ့ပင်ဖြစ်ပါသည်။

မည်သည့်အဖွဲ့အစည်းမဆို ကျေးရွာတွင် ဝင်ရောက်ချိတ်ဆက်လိုပါက ကျေးရွာလူထုအပေါ် လွှမ်းမိုးနိုင်သည့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်းပြီး သတင်းစကားဖြန့်ဝေခြင်း၊ အစည်းအဝေး ဖိတ်ခေါ်ခြင်းစသည့် စီမံကိန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအားလုံးကို လုပ်ဆောင်နိုင်မည် ဖြစ်ကြောင်း သုံးသပ်ဖော်ထုတ်ကြပါသည်။ ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများမှာ အုပ်စုအုပ်ချုပ်ရေးမှူး၊ ကဲရ်မြန်မာ၊ ကြက်ခြေနီအသင်းနှင့် လူထုဗဟိုပြုစီမံကိန်းစသည်တို့ဖြစ်ပါသည်။ ထိုအဖွဲ့အစည်းများ အားလုံးသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် လာရောက်အကောင်အထည်ဖော်ပေးသည့် အဖွဲ့အစည်းများဖြစ်သဖြင့် ကျေးရွာ အနေဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ပါဝင်လှုပ်ရှားပါက ကောင်းမွန်သည့် စနစ်တစ်ခု ဖြစ်နိုင်ကြောင်း သုံးသပ်မိပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

# ရာသီခွင်ပြ ပြက္ခဒိန်



ပါဝင်ဆွေးနွေးသူ - ကျား (၉) + မ (၃၁) = (၄၀) ဦး

## ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်

ကဖုကျေးရွာတွင် တစ်နှစ်ပတ်လုံးဖြစ်ပျက်နေသော အခြေအနေ အကြောင်းအရာများကို ခြုံငုံသုံးသပ် နိုင်ရန် အချက် (၆) ချက်ဖြင့် ဖော်ထုတ်ဆွေးနွေးခဲ့ကြပါသည်။ ကျေးရွာအနေဖြင့် နွေစပါးနှင့် မိုးစပါးကိုသာ အားထားစိုက်ပျိုးကြသဖြင့် အမျိုးသားများအနေဖြင့် စိုက်ပျိုး ရိတ်သိမ်းချိန်မရှိသော 'ဇန်နဝါရီလမှ ဖေဖော်ဝါရီလတွင် အများဆုံးသွားရောက်ပြီး အချို့မှာ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ မတ်လနှင့် ဧပြီလများတွင်ပြင်ပကျေးရွာများသို့ သွားရောက်ပြီး သစ်ဖြတ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရှာဖွေကြပါသည်။ နွေစပါးကို မတ်လနှင့် ဧပြီလတွင် စိုက်ပျိုးပြီး ဇွန်လိုင်လတွင် ရိတ်သိမ်းကြပါသည်။ မိုးစပါးကို ဇွန်လိုင်နှင့် ဩဂုတ်လ တွင် အများဆုံးစိုက်ပျိုးကြပြီး နိုဝင်ဘာလတွင် ပြန်လည်ရိတ်သိမ်းကြပါသည်။ မပြီးပြတ် သေးသော အချို့မှာ ဒီဇင်ဘာလတွင် ဆက်လက်ရိတ်သိမ်းကြပါသည်။

ကျေးရွာလူထုသည် မိုးရေကိုသာအဓိကထားသုံးကြသဖြင့် အခြားရာသီများတွင် ရေရှားပါးမှုပြဿနာများနှင့် ကြုံတွေ့နေရပါသည်။ ကြက်ခြေနီမှ တည်ဆောက်ပေးထားသော ရေသွယ်ယူခြင်းလုပ်ငန်း မှာလည်း လူထုအားလုံးတွက် လုံလောက်စွာမဖြန့်ဝေနိုင်သေးကြောင်း တင်ပြဆွေးနွေးကြပါသည်။ ထို့ပြင် ကျေးရွာတွင်း အသုံးများသောလမ်းများသည် မြေသားလမ်း အဆင့်သာဖြစ်သဖြင့် မိုးရာသီတွင် သွားလာရေး ခက်ခဲပါသည်။ ထိုသို့ဗွက်ထသောလမ်းကို အသုံးပြုရသဖြင့် ယာဉ်များမတော်မဆဖြစ်မှုများရှိပြီး စီးပွားရေးအတွက် ထုတ်ကုန် သယ်ယူရာ တွင်လည်း ခက်ခဲလှပါသည်။ ထိုကျေးရွာသည် ကက်သလစ်ဘာသာဝင် ကိုးကွယ်သည့်ရွာ ဖြစ်သည့်အလျောက် ဘာသာရေးပွဲတော်များကို နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် ကျင်းပလေ့ ရှိပါသည်။

တောင်သူများဖြစ်သည့်အလျောက် စိုက်ပျိုးသီးနှံများရောင်းချသည့် လများတွင်သာ ဝင်ငွေ အနည်းငယ်ရရှိကာ အခြားကာလများတွင် စားဝတ်နေရေးခက်ခဲပြီး ရုန်းကန်နေ ကြရကြောင်း ဖော်ထုတ် ခဲ့ကြပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

## ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ

| စဉ် | ကော်မတီအမည် | အမည် | အသက် | ရာထူး | ဖုန်း |
|---|---|---|---|---|---|
| ၁ | စေတနာ့ဝန်ထမ်း | ဒေါ်မူနှင်း | ၂၂ | | ၀၉၇၇၅၈၇၄၅၅၆ |
| ၂ | စေတနာ့ဝန်ထမ်း | မောင်စောမောင် | ၂၁ | | ၀၉၇၈၇၉၈၆၉၀၀ |
| ၃ | စီမံကိန်း အထောက်အကူပြု | မောင်ကျော်ပိုင် | ၂၉ | ဥက္ကဋ္ဌ | ၀၉၂၅၇၆၀၉၁၀၁ |
| ၄ | စီမံကိန်း အထောက်အကူပြု | ဒေါ်ကလောရာ | ၃၅ | ဥက္ကဋ္ဌ | |
| ၅ | ဝယ်ယူရေး | ဦးဖရန်းကို | ၃၅ | ခေါင်းဆောင် | ၀၉၇၇၇၂၀၈၂၁၅ |
| ၆ | ဝယ်ယူရေး | ဦးမောင် | ၂၃ | အဖွဲ့ဝင် | |
| ၇ | ဝယ်ယူရေး | ဒေါ်မူယမ် | ၂၅ | အဖွဲ့ဝင် | ၀၉၇၆၈၀၃၆၁၃၄ |
| ၈ | စောင့်ကြည့်ကြီးကြပ် | ဒေါ်မားတာ | ၄၈ | ခေါင်းဆောင် | ၀၉၃၂၇၅၉၇၆၉ |
| ၉ | စောင့်ကြည့်ကြီးကြပ် | ဦးလော့မို | ၃၄ | အဖွဲ့ဝင် | |
| ၁၀ | စောင့်ကြည့်ကြီးကြပ် | ဒေါ်ရောကာ | ၂၂ | အဖွဲ့ဝင် | ၀၉၇၈၉၈၇၈၂၅၃ |
| ၁၁ | လည်ပတ်၊ ပြုပြင် | ဦးရာစု | ၃၉ | ခေါင်းဆောင် | |
| ၁၂ | လည်ပတ်၊ ပြုပြင် | ဦးမောင်နို | ၂၅ | အဖွဲ့ဝင် | |
| ၁၃ | လည်ပတ်၊ ပြုပြင် | ဒေါ်သန်းမေ | ၂၈ | အဖွဲ့ဝင် | ၀၉၇၈၇၉၈၆၉၀၄ |
| ၁၄ | ငွေစာရင်းကိုင် | ဒေါ်ကာမေးလာ | ၂၅ | | ၀၉၇၈၀၁၄၂၇၃၇ |
| ၁၅ | အကြံပြုတိုင်၊ ဖြေရှင်း | ဦးမောင်ခရစ် | ၄၆ | | |
| ၁၆ | အကြံပြုတိုင်၊ ဖြေရှင်း | ဒေါ်ရိုစီ | ၄၄ | | ၀၉၇၈၀၁၁၀၈၃၉ |



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ





# ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-1)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦး မောင်လိန်း | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် 09 | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်ကေသီလှိုင် | |
| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု နောင်ပုလဲ | ကျေးရွာ (၄) မိုင်ကာဖူ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယန်း | 55 | ဘာသာ (၁) ခရစ်ယာန် | 55 |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | 191 | 148 |
| လူမျိုးစု (၁)----ကယန်း---------- | 191 | 148 |
| လူမျိုးစု (၂) ------------------------ | | |
| လူမျိုးစု (၃) ------------------------ | | |
| လူမျိုးစု (၄) ------------------------ | | |
| လူမျိုးစု (၅) ------------------------ | | |
| အိမ်ထောင်ဦးစီး | | |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| ✓ အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ✓ ရှိပါသည်/မရှိပါ/မသိပါ (ပိုင်းပါ)

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၁၃/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ✓ ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်---၁---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၀၀း၁၅း၀၀ ထော်လာဂျီ/✓ မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ----------------

မိုးရာသီတွင်ကြာချိန် ၀၀း၁၅း၀၀------ ထော်လာဂျီ/✓ မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ    ☑ ရှိပါသည်    ရှိလျှင်ဖော်ပြပါ မိုးခေါင်ရေရှားခြင်း (1990)

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကြက်ခြေနီ------------

(၂) ----------------------------

ကျေးရွာခေါင်းဆောင်    အမည် ဦးမောင်လိန်

လက်မှတ် [illegible]    နေ့စွဲ 11/12/16

လူထုစည်းရုံးရေးမှူး    အမည် ဒေါ်ကေသီလှိုင်

လက်မှတ် Cathy    နေ့စွဲ 11/12/16

# ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-2)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

*ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား* (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။* | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ကေသီလှိုင် | | | |
| နေ့စွဲ ၁၂ / ၁၂ / ၁၆ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု နောင်ပုလဲ | ကျေးရွာ (၄) မိုင်ကဖု |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၁/၁၂/၁၆ | ၁၁/၁၂/၁၆ | ၉ | ၃၁ | ၄၀ | ကယန်း ၊ ၄၀ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၂/၁၂/၁၆ | ၁၂/၁၂/၁၆ | ၁၁ | ၃၁ | ၄၂ | ကယန်း ၊ ၄၂ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၀/၁/၁၇ | ၁၀/၁/၁၇ | ၆ | ၇ | ၁၃ | ကယန်း ၊ ၁၃ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | ၊ |

## ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-3)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

*ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်* (Form PC 3)

*လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။*

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ကေသီလှိုင် | | | |
| နေ့စွဲ ၁၂ / ၁၂ / ၁၆ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ကယား | ဒီးမော့ဆိုမြို့နယ် | ကျေးရွာအုပ်စု ဒေါင်ပုလဲ | ကျေးရွာ (၄) မိုင်ကာယ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | သောက်သုံးရေ မလုံလောက်ခြင်း | ၁ | ကလေးများ စာကြည့်ရန် မီးမရှိခြင်း (အလင်း) |
| ၂ | ကျန်းမာရေးဆေးခန်း မရှိသဖြင့် အလေးသိသွားများ ကုသရခြင်း | ၂ | ကျန်းမာရေး လက်လှမ်းမမီခြင်း (ရွှေ့ကြေးမရှိ၍ တဲ့သဖြင့်) |
| ၃ | ဗဟုသုတအားနည်းသဖြင့် လူမှုရေး အသိအမြင် နည်းပါး | ၃ | ဗဟုသုတအားနည်းခြင်း |
| ၄ | မိုးတွင်း လွင်ခေါ်ပြီးမှုများ သယ်ယူပို့ဆောင်ရေး ခက်ခဲ | ၄ | မိုးတွင်း ကျောင်းသွားရာတွင်း ရွှံ့လမ်းသွားလာရေးခက်ခဲ |
| ၅ | မူကြိုကျောင်း ခြံစည်းရိုး မရှိသဖြင့် တိရစ္ဆာန်များ ဝင်ရောက်ခြင်း | ၅ | ရေသယ်ရန် အချိန်ကြာခြင်း၊ ဈေး ဖိုး ပို့ဆောင်ရန်ခက်ခဲ၍ အလုပ်ပြတ်ရာတွင် အခက်အခဲရှိခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းရေး အားနည်းခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းကို ကျောက်ခင်းလမ်းဖြစ်ချင် | ၁ | ရွာလယ်လမ်းကို ကျောက်ခင်းလမ်းဖြစ်ချင်သည် |
| ၂ | ရေအလုံအလောက်ရရှိချင်သည်။ | ၂ | အသေးစား ငွေစုငွေချေးအဖွဲ့များဖွဲ့စည်းချင်သည်။ |
| ၃ | ဆေးပေးခန်းရှိချင်သည်။ | ၃ | ကျေးရွာပိုင်စာကြည့်တိုက် တည်ဆောက်ပြီးချင်သည် |
| ၄ | စာကြည့်တိုက်ရှိချင်သည်။ | ၄ | အိမ်တိုင်းမီးလင်းချင်သည်။ |
| ၅ | မူကြိုကျောင်းခြံစည်းရိုး ခတ်ပြီးချင်သည် | ၅ | အိမ်တိုင်းရေလုံလောက်စွာရရှိချင်သည်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ချောင်းရေသွယ်ယူခြင်း | က + မ | | ၃၂၁ |
| ၂ | ကျောက်ခင်းလမ်း (ရွာတွင်း) | က + မ | | ၃၂၁ |
| ၃ | မူကြိုကျောင်းခြံစည်းရိုးကာ | က | | |
| ၄ | ကျေးရွာစာကြည့်တိုက် | က + မ | | ၃၂၁ |
| ၅ | | | | |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက်အကျိုးမဟင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဆေးပေးခန်း | ၈ | |
| ၂ | အလေးစားငွေစုငွေချေး | ၆ | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---[illegible]--- လက်မှတ် ------------ နေ့စွဲ ---၁၂/၁၂/၁၆---

# နောက်ဆက်တွဲ(၄)၊ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ( ၄ မိုင်ကဖု )

**အနှစ်ချုပ်**

မှုရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | ချောင်းရေသွယ်ယူခြင်း | ☑ မ ☑ ကျား | | |
| | ၂ | ကျောက်ခင်းလမ်း | ☑ မ ☑ ကျား | | |
| | ၃ | မူကြို ကျောင်း ဆောက်ခြင်း ရှိ: ကာရံခြင်း | ☑ မ ☑ ကျား | | |
| | ၄ | စာကြည့် တိုက် | ☑ မ ☑ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ဆေး ပေး ခန်း | ☐ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| အခြား | ၁ | အသေးစား ငွေရ ငွေချေးခြင်း | ☑ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |

# ပုံစံ - ၄။ ကျေးရွာအုပ်စု စီမံကိန်း လုပ်ငန်းခွဲရွေးချယ်ခြင်း (PC-4)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

**ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)**

*လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။*

| | | |
|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်ကေသီလှိုင် | | |
| နေ့စွဲ 10.1.2017 | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု နောင်ပုလဲ |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| နောင်ပုလဲ | ကျေးရွာ [illegible] | 65'x38'x12' | ကျေးရွာလူထု | ☐ ကျား ☐ မ ☐ ကျား+ မ | ၁၇,၃၀၀,၀၀၀ [illegible] | | - | - | ၁၇,၃၀၀,၀၀၀ |
| (၄)မိုင်မြေ[illegible] | [illegible](၅၀၀၀) [illegible] +[illegible] +ရေပိုက် | (15'x10'x55') + (8'x4'x7') + (2"φ PVC 1870') +[illegible] | ✓ | ☐ ကျား ☐ မ ☐ ကျား+ မ | ၁၀,၅၀၀,၀၀၀ [illegible] | | - | - | ၁၀,၅၀၀,၀၀၀ |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | | | |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | | | |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဌ အမည် ဒေါ်[illegible] လက်မှတ် [signature] ရက်စွဲ 16/1/17

ဦး[illegible] [signature] 18/1/17

## ကျေးရွာအစည်းအဝေးမှတ်တမ်းများ

### (၁၁-၁၂-၂၀၁၆) ရက်နေ့တွင် နောင်ပုလဲကျေးရွာအုပ်စု၊ လေးမိုင်ကဖုကျေးရွာ၊ သာသနာ့ ဓမ္မာရုံတွင် ကျင်းပပြုလုပ်ခဲ့သည့် ပထမအကြိမ် အစည်းအဝေးမှတ်တမ်း

တက်ရောက်သူဦးရေ - ကျား (၉) + မ (၃၁) = (၄၀) ဦး

ရည်ရွယ်ချက် (၁) လူထုဗဟိုပြုစီမံကိန်း၏ ကျေးရွာဖွံ့ဖြိုးရေး အခြေခံသဘောတရားများ ရှင်းလင်းနိုင်ရန်

(၂) ကျေးရွာလူထုအား စီမံကိန်းစက်ဝန်း၊ စီမံကိန်းလုပ်ထုံးလုပ်နည်းများ၊ ဆောင်ရန်ရှောင်ရန်များကို သိရှိနားလည်စေရန်။

(၃) စီမံကိန်းနှင့်သက်ဆိုင်သောသူများကိုရှင်းပြနိုင်စေရန်။

(၄) စေတနာ့ဝန်ထမ်းရွေးချယ်နိုင်ရန်။

(၅) လူမှုဆန်းစစ်ချက်များပြုလုပ်နိုင်ရန်။

ပထမအကြိမ်အစည်းအဝေးကိုမစတင်မီ တက်ရောက်သူစာရင်းကို ကောက်ယူပြီး နံနက် (၉:၃၀) နာရီတွင် စတင်ခဲ့ကြရာ ရှေးဦးစွာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်လိန်း မှ အဖွင့်အမှာစကား ပြောကြားခြင်း အစီအစဉ်ပင်ဖြစ်ပါသည်။ ထို့နောက် တာဝန်ကျဆရာမ ဒေါ်ကေသီလှိုင် မှ လူထုဗဟိုပြုစီမံကိန်း မိတ်ဆက်ခြင်းကို အချက် (၁၅) ချက်ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး တစ်ဆက် တည်းမှာပင် လူထုဗဟိုပြုစီမံကိန်းစက်ဝန်း (အပိုင်း ၆ ပိုင်း နှင့် အဆင့် ၁၄ ဆင့်) ကို ရှင်းလင်း ပြောကြားခဲ့ပါသည်။

ဆက်လက်ပြုလုပ်ရမည့် အစီအစဉ်အရ ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ်ခြင်း အစီအစဉ်ဖြစ်ပြီး ကျေးရွာအနေဖြင့် ယခင်ရွေးချယ်ထားပြီးသော စေတနာ့ဝန်ထမ်းကိုသာ ပြန်လည်အတည်ပြုသဖြင့် အသစ်ထပ်မံရွေးချယ်ရန် မလိုအပ်ချေ။ ထို့နောက် စီမံကိန်းနှင့် ပါဝင် ပတ်သက်သူများကို ဆက်လက်ရှင်းလင်း တင်ပြပေးခဲ့ပါသည်။

ထို့နောက် လူမှုဆန်းစစ်ချက်လုပ်ဆောင်ချက်များကို ကျေးရွာလူထုနှင့်အတူ ဆန်းစစ်ဖော်ထုတ်ခဲ့ကြရာတွင် ယခင်နှစ်ပြုလုပ်ခဲ့သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် စာအုပ်ကို မှီငြမ်းပြီး ဖြည့်စွက်အတည်ပြုခဲ့ကြပါသည်။ ပြုလုပ်ခဲ့သော လူမှုဆန်းစစ်ချက်များမှာ - လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ၊ ဥစ္စာနေကြွယ်ဝမှုသတ်မှတ်ချက်၊ ကျား-မရေးရာပိုင်ဆိုင်မှုနှင့် ထိမ်းချုပ်မှု၊ ရာသီခွင်ပြဇယားရေးဆွဲခြင်း၊ ပင့်ကူအိမ်သုံးသပ်ချက်နှင့် အဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်မှုအခြေပြဇယား စသည်တို့ပင်ဖြစ်ပါသည်။

ထိုအစီစဉ်များ အားလုံးပြီးနောက် ပထမအကြိမ် ကျေးရွာအစည်းအဝေးကို မွန်းလွဲ (၂:၁၀) နာရီတွင် အောင်မြင်စွာ ပိတ်သိမ်းနိုင်ခဲ့ပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

## (၁၂-၁၂-၂၀၁၆) ရက်နေ့တွင် နောင်ပုလဲကျေးရွာအုပ်စု၊ လေးမိုက်ကဖု ကျေးရွာ၊ သာသနာ့ဓမ္မာရုံ တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်း

| | | | |
|---|---|---|---|
| တက်ရောက်သူဦးရေ - | ကျား (၁၁) + မ (၃၁) | = | (၄၂) ဦး |

ရည်ရွယ်ချက် (၁) ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် ပြင်ဆင်ခြင်းနှင့်
(၂) ကျေးရွာကိုယ်စားလှယ်များနှင့် ကော်မတီအဖွဲ့ဝင်များ ရွေးချယ်ခြင်း။

ဒုတိယအကြိမ်အစည်းအဝေးမစတင်မီ တက်ရောက်သူစာရင်းကို ကောက်ယူပြီး နံနက် (၉:၃၀) နာရီတွင် စတင်ခဲ့ကြရာ ရှေးဦးစွာ ပထမအကြိမ် ကျေးရွာ အစည်းအဝေးတွင် ပြုလုပ်ခဲ့သော လူမှုဆန်းစစ်ချက်များအား ကျေးရွာလူထုသို့ ပြန်လည်တင်ပြခြင်းဖြစ်ပါသည်။ ထို့နောက် တာဝန်ကျ ဆရာမ ဒေါ်ကေသီလှိုင်မှ အခက်အခဲ ပြဿနာစာရင်း၊ ဦးစားပေး မျှော်မှန်းချက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း အစီအစဉ်များစာရင်းကို ပြန်လည်ဖော်ထုတ် ဆွေးနွေးစေခဲ့ပါသည်။

ထို့နောက် လုပ်ငန်းရွေးချယ်အတည်ပြုခြင်းကို ကောင်းမွန်စွာ ရွေးချယ်နိုင်ရန် အကျိုးဝင်သော လုပ်ငန်း/ အကျိုးမဝင်သော လုပ်ငန်းများ ကိုရှင်းလင်းပြပေးခဲ့ပါသည်။ ထို့နောက် ဦးစားပေး အဆင့်သတ်မှတ်ခြင်းကို အတည်ပြုရွေးချယ်စေခဲ့ပါသည်။

ပြီးသည်နှင့် အကာအကွယ်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့် လုပ်ငန်းဆောင်ရန် ရှောင်ရန်များကို ဆက်လက်ရှင်းပြပေးခဲ့ပါသည်။ ကော်မတီဝင်များ အပြောင်းအလဲမရှိသဖြင့် ပြန်လည်ဖွဲ့စည်းရန် မလိုအပ်ပါ။ ထို့နောက် အကြံပြုတိုင်ကြားရေး စနစ်ကို ရှင်းပြပြီး အစီအစဉ်များ အားလုံးပြီးနောက် ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးကို မွန်းလွဲ (၂:၃၀) နာရီတွင် အောင်မြင်စွာ ပိတ်သိမ်းနိုင်ခဲ့ပါသည်။

မှတ်တမ်းတင်သူ - ဒေါ်ကေသီလှိုင်

## လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ (Socila map/ Resources Map) | ၁၅-၁၂ ၂၀၁၇ | ရပ်မိရက်ဖ၊ ကော်မတီဝင်၊ ကျေးရွာလူထု များ အားလုံး | ၉ | ၃၁ | ၄၀ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦများ၊ လုပ်ပန်းဆက်သွယ်ရေးအခြေ အနေ၊ လယ်ယာမြေများ၊ ရေထွက်ပေါက်၊ ရေလျှောင် ကန်၊ သစ်တောများ |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၁၅-၁၂ ၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ | ၉ | ၃၁ | ၄၀ | ကျေးရွာလူမှုစီးပွားရေးကို အုပ်စုများခွဲခြားသတ်မှတ်နိုင် ရေးအတွက်အခြေခံစံနှုန်းများ သတ်မှတ်ရန် အများလူထု သဘောတူသတ်မှတ်ခြင်း |
| ၃ | ကျား/မရေးရာ ကဏ္ဍ (Access Mapping) | ၁၅-၁၂ ၂၀၁၇ | ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၉ | ၃၁ | ၄၀ | ကျေးရွာအတွင်းရှိအရင်းအမြစ်၊ ပိုင်ဆိုင်မှု၊ အခြေခံအဆောက်အ ဦး စသောလုပ်ငန်းများကို ဘယ်သူတွေက အသုံးပြု၊ ထိမ်းချုပ်နေသလဲဆိုတာကို ဆွေးနွေးမှုများ ပြုလုပ်ခြင်း |
| ၄ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၁၅-၁၂ ၂၀၁၇ | အမျိုးသားများနှင့် အမျိုးသမီးများ၊ ကျေးရွာလူထု | ၉ | ၃၁ | ၄၀ | အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိ သည့် အကြောင်းအရင်းများ |
| ၅ | အဖွဲ့အစည်း ချိတ်ဆက်ပုံ (Venn Diagram) | ၁၅-၁၂ ၂၀၁၇ | ကျေးရွာအုပ်ချုပ် ရေးအဖွဲ့ ကျေးရွာ စီထောက်အဖွဲ့၊ ကျေးရွာလူထု | ၉ | ၃၁ | ၄၀ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်း များနှင့် မည်သို့သောလုပ်ငန်းများ အတွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၆ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၁၅-၁၂ ၂၀၁၇ | ကော်မတီဝင်များ၊ အမျိုးသမီး/သား ဆင်းရဲနွမ်းပါးသူ | ၉ | ၃၁ | ၄၀ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင်ယာ၊လယ်ယာ)၊ စီးပွားရေး/ငွေရှာ (အရောင်းအဝယ်)၊ ပွဲတော်ချိန်၊ မိုးများကာလ၊ ကျန်းမာရေးဆိုးကာလ၊ ဝင်ငွေအကောင်းဆုံးကာလ၊ အလုပ်ပါးကာလ၊ ရေရှားကာလ |
| ၇ | အခက်အခဲ/ပြဿနာ (Problem) | ၁၆-၁၂ ၂၀၁၇ | အမျိုးသမီး/သား၊ လူထုအားလုံး | ၁၁ | ၃၁ | ၄၂ | ငွေကြေးအရင်းအနှီးမရှိ၊ လမ်းပန်းဆက်သွယ်ရေး၊ မီးလင်းရေး ရေလုံလောက်မှုမရှိ ဖုန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ စည်းလုံးခြင်းမရှိ။ |
| ၈ | ကျေးရွာ၏( ၄ )နှစ်စာ မျှော်မှန်းချက်များ (Village visions) | ၁၆-၁၂ ၂၀၁၇ | ကျေးရွာလူထု အားလုံး | ၁၁ | ၃၁ | ၄၂ | စီးပွားရေးပိုမိုကောင်းမွန်လာရန်၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေး ပိုမိုကောင်းမွန်လာ၊ ကျေးရွာစည်းလုံးခြင်း ပိုမိုကောင်းမွန်လာ၊ စားဝတ်နေရေးပိုမိုအဆင်ပြေလာ |
| ၉ | ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ (Village Approve Vision) | ၁၆-၁၂ ၂၀၁၇ | ရွာလူထု အားလုံး | ၁၁ | ၃၁ | ၄၂ | လမ်း(ကတ္တရာ)၊ မီး(လျှပ်စစ်မီး)၊ ခန်းမဆောင်၊ ရေလှောင်ကန်၊ ရေငုတ်/ပိုက်၊ စာသင်ကျောင်း တိုးချဲ့ |
| ၁၀ | ကျေးရွာဦးစားပေး လုပ်ငန်းစဉ်များ (Village Object Vision) | ၁၆-၁၂ ၂၀၁၇ | ရွာလူထု အားလုံး | ၁၁ | ၃၁ | ၄၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အဆင့် သတ်မှတ်ခြင်း၊ တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်း၊ အကျိုးခံစားခွင့်ရှိသူလူဦးရေ |
| ၁၁ | ကျေးရွာသမိုင်း အကျဉ်းချုပ် (Village History) | ၁၅-၁၂ ၂၀၁၇ | အမျိုးသမီး/သား၊ လူထုအားလုံး | | | | ကျေးရွာစတင် တည်ထောင်သည့် ခုနှစ်၊ အိမ်ခြေ၊ လူဦးရေ၊ လူမျိုး၊ ဘာသာစသော ကျေးရွာသမိုင်း အချက်အလက် အဆင့်ဆင့်များကို ဖော်ထုတ်ခြင်း |